# HIGHLIGHTS QUOTES FROM FEDERALISM DEBATE

**04/10/2014**

**“Can federalism be a solution?”**

**------**

“ဖက်ဒရယ်နဲ့ပတ်သက်လို့က လူထုပါဝင်မှုအားနည်းနေတယ်. အစိုးရက နှစ်ပေါင်းများစွာ ဖက်ဒရယ်မူဟာ ခွဲထွက်ရေးမူဆိုပြီး အသိရိုက်သွင်းခံထားရတာကြောင့်ပါ”

မင်းချမ်းထိုက် - Myanmar Journalism Institute

“There is still a lack of public participation regarding federalism. This is because the public has been brainwashed by the Government that federalism is just about separation.”

Min Chan Toik (Myanmar Journalism Institute)

---

“ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပြည်သူကကြိုက်တယ်၊ မကြိုက်တာက ခေါင်းဆောင်တွေ။”

ပူကျင်ရှင်းထန် - ဥက္ကဋ္ဌ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်

“The people want federalism but the leaders don’t.”

Pu Cian Shin Thaung- President of the Zomi Congress for Democracy

---

“တိုင်းရင်းသားတွေနဲ့ ပြည်သူတွေကြိုက်အောင် ဖက်ဒရယ်ကို အသွင်သဏ္ဌာန်ပဲလုပ်ပြနေလို့မရဘူး။ ဖက်ဒရယ်စနစ်ကို နားလည်ပြီး အနှစ်သာရရှိရှိနဲ့ ဖက်ဒရယ်စိတ်ဓာတ်တကယ်ရှိသူတွေ ဦးဆောင်မှ ဖက်ဒရယ်အစစ်အမှန်ဆိုတာ ဖြစ်မှာ။”

ဒေါက်တာ အေးမောင် - ဥက္ကဋ္ဌ ရခိုင်အမျိုးသားပါတီ

“The Government should not talk about Federalism just for show or in an attempt to win favor with the ethnic people and civilians. Only when those who lead understand the full essence of federalism very clearly will we get genuine federalism.”

Dr. Aye Maung- President of Arakan National Party

---

"လက်ရှိပြည်နယ်ဝန်ကြီးချုပ်တွေနေရာမှာ တိုင်းမှူးတွေ တခြားအစိုးရအဖွဲ့ထဲကလူတွေ ရှိနေတယ်. အစိုးရက သူတို့အချင်းချင်းကြားမှာတောင် အာဏာခွဲဝေမှု အဆင်မပြေဖြစ်နေတာ ပြည်နယ်အစိုးရအတွက် လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးဖို့ဆိုတာ ပိုတောင်မဖြစ်နိုင်ဘူး။"

ဦးမြတ်သူ - ဥက္ကဋ္ဌ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း

"Currently there are still some military personnel holding positions as chiefs of the states. If the Government cannot properly share power amongst themselves, how can they arrange power sharing for the government of the ethnic states."

U Myat Thu- President of the YSPS

---

"လူထုကြားမှာက ငြိမ်းချမ်းရေးဆွေးနွေးတာပဲဖြစ်ဖြစ်၊ ဖက်ဒရယ်စနစ်ဆွေးနွေးတာပဲဖြစ်ဖြစ် လက်နက်ကိုင်အဖွဲ့တွေအချင်းချင်းပဲ အကျိုးအမြတ်ရသွားမလား၊ သူတို့ကြိုက်တာပဲလုပ်သွားမလားဆိုပြီး စိုးရိမ်မှုတွေရှိနေတယ်။"

ကိုဝိုင်း(သင်တန်းဆရာ - Internews)

"In debates about peace or federalism the public are afraid that only ethnic armed groups will profit, and they will do anything they want. There are lots of these concerns from the public"

Ko Wild (Trainer at Internews)

---

"မြန်မာနိုင်ငံတည်ဆောက်တဲ့ပုံစံက အင်အားနဲ့ပဲ အစစအရာရာ ချုပ်ကိုင်ထားတဲ့ နိုင်ငံပုံစံဖြစ်နေတယ်။ အများသဘောတူ အများပူးပေါင်းပါဝင်ကြတဲ့ နိုင်ငံပုံစံမဖြစ်ဘူး။ ဖက်ဒရယ်ဆိုတာဟာ ရှင်းရှင်းပြောရရင် အစိုးရဗိုလ်ကျအုပ်ချုပ်မှုကို ထိန်းဖို့စနစ်တခု. ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရ အပြန်အလှန်ထိန်းညှိဖို့"

ဦးမြတ်သူ - ဥက္ကဋ္ဌ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း

"The state building of Myanmar is building a country controlled by force. It's not a country with the full of cooperation by the public. To speak clearly about federalism, it should be a system with genuine balance between the central government and the state government and it should limit  the overall control of the central government."

U Myat Thu- President of the Yangon School of Political Science